ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက် )**

**[အင်္ဂါနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ **နေ့လယ်** ၁၃း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **အဆင့်သတ်မှတ်ချက်နှင့် နေရာအကျယ်အဝန်း ကိုက်ညီမှုမရှိသော သထုံအကျဉ်းထောင်အား အကြီးစား ပြင်ဆင်ပေးနိုင်ပါရန်နှင့် အကယ်၍ဘဏ္ဍာငွေလုံလောက်မှုရှိပါက သထုံမြို့နယ်၊ ဈေးမသွယ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနပိုင်မြေ (၂၅.၁၇)ဧကတွင် သထုံအကျဉ်းထောင်အသစ်ရွှေ့ပြောင်း ဆောက်လုပ်ပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ က သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးရန် အစီအစဉ်မရှိပါကြောင်း၊အကျဉ်းထောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ မြေဧရိယာ ၂၅ ဒသမ ၁၇ ဧကအား ဌာနပိုင်အမည်ပေါက်ရရှိရေးနှင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံထားပြီးဖြစ်ပါကြောင်း၊ လက်ရှိသထုံအကျဉ်းထောင်အား အချုပ်ထောင်အဖြစ် ဆက်လက်ထားရှိသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

(ခ) ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန် မြို့နယ်၊ ထာအိုကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့ တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က အခြေခံမူ(၅)ချက်အနက် (၃)ချက်နှင့်ကိုက်ညီပြီး ချင်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးမှလည်း ထောက်ခံတင်ပြထားပါသဖြင့် ထာအိုကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဂ) ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကရင်ပြည်နယ်၊ ဖာပွန်မြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော အထူးကု ဆရာဝန်ကြီးများအနက် အရိုးအထူးကု ဆရာဝန်တစ်ဦးနှင့် သားဖွားမီးယပ် ဆရာဝန်တစ်ဦးတို့ကို ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က သက်ဆိုင်ရာဘာသာရပ်တွင် ဘွဲ့လွန်အောင်မြင်ပြီးနောက် ဗဟိုအဆင့် ဆေးရုံကြီး များတွင် လေ့ကျင့်သင်ကြားပေးပြီးသော လက်ထောက်ဆရာဝန်(အရိုး)(၁)ဦး၊ လက်ထောက်ဆရာဝန်(သားဖွားမီးယပ်)(၁)ဦးတို့အား (၁၈-၆-၂၀၁၈)ရက်စွဲဖြင့် ခန့်ထား ပြီးဖြစ်ကြောင်း ဖြေကြားသည်။

(ဃ) ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ခုတင်(၅၀)ဆေးရုံတွင် အရိုးအကြော ဆရာဝန်၊ ခွဲစိတ်ဆရာဝန် နှင့် လိုအပ်လျက်ရှိသော ဆရာဝန်များ ပေးပို့နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က အရိုးနှင့် ခွဲစိတ် အထူးကုဆရာဝန်များအား ဖွဲ့စည်းပုံပါဝင် ခြင်းမရှိသဖြင့် ခန့်ထားပေးနိုင်ခြင်းမရှိသေးကြောင်း၊ လက်ရှိတွင် သစ်လွင်ဆရာဝန် (၂၀၀၀)ဦး ခန့်ထားနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ သစ်လွင်ဆရာဝန်များ ခန့်ထားချိန်တွင် ရေနံချောင်းဆေးရုံသို့ ဦးစားပေးခန့်ထားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

(င) ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူ မြို့နယ်၊ ကျောက်ကြီးပြင်အုပ်စု၊ မော်ဖျားကျေးရွာ၌ ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က မော်ဖျားကျေးရွာတာ(ကာရီ) ပြုပြင်ခြင်းလုပ်ငန်းကို ဘောမကမ်းထောင့် လယ်သမား တာ(ကာရီ)တာပုံစံကျပြုပြင်ခြင်းနှင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးနိုင် ရန်စီစဉ် ဆောင်ရွက်ထားရှိပြီး ဘောမကမ်းထောင့် လယ်သမားတာ(ကာရီ)တွင် (၅'x၆')(၃)ပေါက် ကွန်ကရစ်ရေတံခါး(၁)လုံးတည်ဆောက်ခြင်းနှင့် တာပုံစံပြုပြင်ခြင်း လုပ်ငန်းတို့အတွက် တင်ပြတောင်းခံထားပြီး အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပေး နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၊ ရန်ပုံငွေရရှိမှုအပေါ်အခြေခံပြီး သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသည်။

(စ) ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းရှိ ရေမပေးပို့ နိုင်တော့သော ပင်မမြောင်း၊ လက်တံမြောင်း၊ မြေနေရာများကို မူလယာမြေအဖြစ်သို့ နိုင်ငံတော်က ပြန်လည်ပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍

လောကနန္ဒာမြစ်ရေတင်လုပ်ငန်းမှ စိစစ်လျော့ချမည့် ဧက(၃၈၀၀)အတွက် ရေပေးမြောင်းပေ(၆၃၁၀၀)ဖျက်သိမ်းခြင်းနှင့် မြေညှိပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် လိုအပ်ရန်ပုံငွေကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ပြီးပါက ပြန်လည်ထွက်ပေါ်လာမည့် မြေဧက(၁၃၀)ကို မူလပိုင်ရှင်တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အတည်ပြုခြင်း**

၃။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သားကိုယ်စားလှယ် (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

၄။ ဒေါ်လှရွှေ(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

၅။ အစည်းအဝေးကို ၁၄း၁၃ နာရီအချိန်တွင် ရပ်နားပြီး (၁၈)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀-၆-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**